BURMA NEWS INTERNATIONAL

နိုင်ငံတကာ မြန်မာသတင်းအဖွဲ့ (ဘီအဲန်အိုင်)
မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့



# စစ်အာဏာသိမ်းကာလအတွင်း တိုင်းရင်းသားမီဒီယာများကိုလေ့လာခြင်း

ဒီဇင်ဘာလ၊ ၂၀၂၂

# မာတိကာ


၂ နိဒါန်း

၄ စာတမ်းသုံးသပ်ချက်

၈ သုတေသန နည်းလမ်း

တိုင်းရင်းသားမီဒီယာများအားလုံးကိုယ်စား ဖြေကြားပေးခဲ့သည့် သတင်းဌာနများအကြောင်း

၁၀ လေ့လာတွေ့ရှိချက်များ

၁၀ စစ်အာဏာသိမ်းကာလအတွင်း တိုင်းရင်းသား မီဒီယာများ၏ အခြေအနေ

၁၃ စစ်အာဏာသိမ်းကာလအတွင်း တိုင်းရင်းသားမီဒီယာများ၏ ဖိနှိပ်ခံရမှု

၁၆ တိုင်းရင်းသားမီဒီယာများ၏ အခက်အခဲကြားမှ သတင်းထုတ်လုပ်ရေး ကြိုးပမ်းမှုများ

၁၉ ၂၀၂၁ခုနှစ် နောက်ပိုင်း တိုင်းရင်းသားမီဒီယာနှင့် Mainstream(ပင်မ) မီဒီယာအကြားကွာခြားချက်

၂၁ လက်ရှိ တိုင်းရင်းသားမီဒီယာများ၏ သတင်းထောက်များအပေါ် ပံ့ပိုးပေးနိုင်စွမ်းနှင့် ရေရှည်ရပ်တည်ရေး စိန်ခေါ်မှု

၂၃ သတင်းထောက်များ ကြုံတွေ့ရသည့် တစ်ကိုယ်ရည် လုံခြုံရေး အခက်အခဲ

၂၅ တိုင်းရင်းမီဒီယာများ၏ အနာဂတ် အခြေအနေ

၂၇ သုံးသပ်ချက်

၃၀ အကိုးအကား

## နိဒါန်း

မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာ၏ အခန်းကဏ္ဍသည် အရေးပါပြီး၊ နိုင်ငံရေးအကြပ်အတည်းများကြားမှ ရုန်းကန်ရပ်တည်နေရသော မီဒီယာများထဲတွင် Mainstream (ပင်မ) မီဒီယာများနှင့်အတူ တိုင်းရင်းသားဒေသများမှ တိုင်းရင်းသားမီဒီယာများလည်း ပါဝင်သည်။ တိုင်းရင်းသားမီဒီယာများသည် ၁၉၈၈ နောက်ပိုင်း စစ်အစိုးရ ခေတ်အဆက်ဆက် တိုင်းရင်းသားဒေသတွင်း ဖြစ်ပွားခဲ့သည့် ဖိနှိပ်မှု၊ ခွဲခြားခံရမှု၊ တိုင်းရင်းသားဘာသာစကားဖြင့်ဖော်ပြခြင်း ပိတ်ပင်ခံရမှု၊ သတင်းအမှောင်ချခံရမှု၊ ပညာရေး ကန့်သတ်ခံရမှု စသည့်အခက်အခဲအခြေအနေများစွာကို အကျပ်အတည်းများစွာကို ယနေ့ထိတိုင် ကျားကန်ကာ ရုန်းကန်ရပ်တည်ကာ သတင်းများ ဖော်ပြနေသလို ရပ်တည်ရေးအတွက်လည်း ရုန်းကန်နေရဆဲ ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုအပြီး စစ်တပ်က တစ်နိုင်ငံလုံးရှိ ပြည်သူများကို သတင်းအမှောင်ချရေးကြိုးပမ်းမှုအနေဖြင့် ဆက်သွယ်ရေးလိုင်းများ၊ အင်တာနက်လိုင်းများကို ရုတ်တရက် ဖြတ်တောက်ခဲ့သကဲ့သို့ ဆိုရှယ်မီဒီယာသုံးစွဲမှုကိုလည်း ကန့်သတ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဆက်သွယ်ရေးလိုင်း အသုံးပြုမှုအတွက် မြင့်မားသောဈေးနှုန်းများဖြင့် ပြောင်းလဲခဲ့သည်။ ယင်းအခြေအနေတွင် ပြည်သူများအတွက် အချိန်နှင့်တပြေးညီ သတင်းများ တင်ဆက်ပေးနေသည့် Mainstream (ပင်မ) သတင်းမီဒီယာများနှင့် တိုင်းရင်းသားဒေသ၊ နယ်စပ်ဒေသများရှိ သတင်းများ တင်ဆက်ပေးနေကြသည့် တိုင်းရင်းသား သတင်းမီဒီယာများကိုလည်း စစ်တပ်က မတရား ဖမ်းဆီး၊ ရုံးခန်းများ ဝင်စီးခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ပိတ်

သိမ်းခြင်းတို့ လုပ်ခဲ့သည်။ မြို့ကြီးများနှင့် နယ်မြေဒေသ အသီးသီးတွင် သတင်းယူကြသည့် သတင်းသမားများ လွတ်လပ်စွာ သတင်းရယူခွင့်များကို ပိတ်ပင်ခဲ့သလို၊ မတရား ဖမ်းဆီး ဖိနှိပ်မှုများ၊ စစ်ကြောရေးတွင် နှိပ်စက်မှုများနှင့် အချို့သော သတင်းသမားမှာ သေဆုံးသည်အထိ မတရားသတ်ဖြတ်ခံရမှုများ တွေ့ကြုံခဲ့ရသည်။ သို့သော်လည်း တိုင်းရင်းသား မီဒီယာများက ပင်မမီဒီယာများ ဖော်ပြနိုင်ခြင်းမရှိသည့် (လက်လှမ်းမမှီသည့်) ဒေသန္တရသတင်းများကို အခက်အခဲမျိုးစုံကြားထဲကနေ ဆက်လက်ထုတ်လုပ်လျှက်ရှိနေသည်။

ဘာသာစကား ကွာဟမှုကြောင့် နားလည်မှု လွဲမှားနိုင်သည့် သတင်းများကိုလည်း တိုင်းရင်းမီဒီယာများက ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ဖော်ထုတ်ရေးသားပြီး ခွဲခြား ဖိနှပ်ခံနေရသည့် ပြည်သူလူထု၏ အသံနှင့် အမြင်များကိုလည်း ဖော်ထုတ်ရေးသား တင်ဆက်ခဲ့ကြသည်။ ထို့အပြင် စစ်ကောင်စီမှ တိုင်းရင်းသားများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံမှုများကို ပြည်သူလူထု သိရှိရန် မှတ်တမ်းများနှင့်တကွ ရေးသားထုတ်ဖော်နိုင်သောကြောင့် တိုင်းရင်းသားမီဒီယာများသည်လည်း စစ်ကောင်စီ၏ ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရသည်။

ယခုစာတမ်းမှာကို ယင်းအဖြစ်အပျက်များကို ဖော်ထုတ်ပေးရန် ရည်ရွယ်ပြီး မှတ်တမ်းပြုစု ရေးသားခဲ့ခြင်းဖြစ်ပါသည်။ သုတေ သနမေးခွန်းမှာ စစ်အာဏာသိမ်းမှုသည် တိုင်းရင်းမီဒီယာအပေါ် မည်မျှသက်ရောက်မှု ရှိခဲ့သနည်း ဖြစ်ပါသည်။

ဤစာတမ်းအတွက် BNI အဖွဲ့ဝင် တိုင်းရင်းသားမီဒီယာဌာန ၆ ခုကို မေးမြန်းခဲ့ပြီး အယ်ဒီတာနှင့် သတင်းထောက် အပါအဝင် စုစုပေါင်း ၈ ဦးမှ ဖြေဆိုပေးခဲ့ပါသည်။ ယခုစာတမ်းတွင်ပါဝင်မည့် အဓိက အကြောင်းအရာများမှာ စစ်အာဏာသိမ်းမှုသည် တိုင်းရင်း မီဒီယာအပေါ် သက်ရောက်မှုများအကြောင်း လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်တို့ ဖြစ်သည်။

## စာတမ်းသုံးသပ်ချက်

- ### တိုင်းရင်းသားမီဒီယာများ ဖြစ်ပေါ်လာပုံ

စကော ကရင်ဘာသာဖြင့် ထုတ်ဝေသည့် မြန်မာနိုင်ငံ၏ ပထမဆုံး တိုင်းရင်းသား သတင်းစာ Tavoy's Hsa-tu-gaw (the Morning Star) ကို နှစ်ခြင်းသာသနာပြုအဖွဲ့က ၁၈၄၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထို့နောက် ၁၉၃၅-၁၉၄၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ တဝှမ်း ဂျပန်ဘာသာနှင့် တိုင်းရင်းသားဘာသာစကားများ အပါအဝင် သတင်းစာ ၆၀ ကျော် ပေါ်ထွက်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ရခိုင်ဘာသာ သတင်းစာဖြစ်သည့် "ရခိုင်ပြည်" သတင်းစာကို စစ်တွေမြို့တွင် ၄ နှစ်ကြာ ထုတ်ဝေခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် ရခိုင်ဘာသာဖြင့်ထုတ်ဝေသော "ဒို့လက်ရုံး" ကို ရခိုင်ပြည်တွင် ထပ်မံထုတ်ဝေခဲ့ပြီး၊ ၁၉၄၃-၁၉၄၅ ခုနှစ်အတွင်း "ကမ္ဘောဇ" သတင်းစာ၊ ကချင်ဘာသာဖြင့် ထုတ်ဝေသည့် "Shi Laika Ningnan"၊ "Rangoon Liberator"၊ "ရွှေမန်းအောင်စည်"၊ "Tai-4"၊ "Tavoyan (ထားဝယ်)"၊ "လမ်းညွှန်" နေ့စဉ်၊ "Morning Star"၊ "Burma Economic"၊ "People's Voice" နှင့် "Guide Daily" တို့ ထုတ်ဝေခဲ့ကြသည်။ (ကိုထွေး, June 2017) ။

လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်ကြောင့် သတင်းစာလောကကို ခြိမ်းခြောက်တာတွေ ရှိလာပေမယ့်လည်း လွတ်လပ်မှုအပိုင်းမှာကတော့ စစ်တပ်ခေတ်တွေလို ဆိုးရွားမှုတွေ အများကြီးမရှိခဲ့ဘူးလို့ မှတ်တမ်းလေ့လာမှုတွေမှာ တွေ့ရသည်။ ၁၉၅၈ ပထမ အကြိမ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာယူပြီးနောက်မှာတော့ နိုင်ငံရေး ရှုပ်ထွေးပြင်းထန်လာသည်နှင့်အမျှ သတင်းစာတိုက်များ ဖျက်ဆီးခံရခြင်းနှင့် သတင်းသမားများ ဖမ်းဆီးသတ်ဖြတ်ခံရခြင်းများလည်း ရှိလာခဲ့သည်။ သတင်းစာဆရာ၊ စာရေးဆရာများကို နိုင်ငံရေး

သမားများနှင့်အတူ ကိုကိုးကျွန်းပို့ခြင်း၊ ထိန်းသိမ်းမှုများဖြစ်ခဲ့သလို လူထုသတင်းစာနှင့် ကြေးမုံသတင်းစာကဲ့သို့ စစ်အစိုးရကို ဝေဖန်သည့် သတင်းစာတိုက်များ ချိတ်ပိတ်ခံခဲ့ရသည်။ ထိုနောက် ၁၉၆၂ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းပြီးနောက် သတင်းသမားများ ဖမ်းဆီးခံရပြီး သတင်းလွတ်လပ်ခွင့် ကန့်သတ်ခံရခြင်းအပြင် ပုဂ္ဂလိက သတင်းစာများ လည်း ချုပ်ငြိမ်းသွားခဲ့သည်။ စစ်အစိုးရကို ထောက်ခံသည့် သတင်းစာအုပ်စု ပေါ်ထွန်းလာ ပြီး အာဏာရှင်ကို ဆန့်ကျင်သည့် သတင်းစာဆရာများ တောခိုခဲ့ရခြင်း၊ ပြည်ပသို့ တိမ်း ရှောင်ခဲ့ခြင်းများ တွေ့ရပြီး သတင်းလောကကို စစ်တပ်အရာရှိများ ဝင်ရောက်ကြီးစိုးခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်နေဝင်းခေတ်တွင် ကချင်၊ ကရင်၊ ချင်းစသော လူမျိုးစု ဘာသာစကား ဖြင့် ထုတ်ဝေသည့် သတင်းစာများလည်း ရပ်စဲခဲ့ရသည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ သတင်းစာ အနည်းငယ်သာကျန်ခဲ့သည်ကိုတွေ့ရပါသည်။ ယူပီအိုင် ဦးဘသန်းက မြန်မာ နိုင်ငံသတင်းစာသမိုင်း ဖော်ပြချက်အရ ၁၉၆၂ ခုနှစ်က မြန်မာပြည်တွင် ထုတ်ဝေသည့် ပုဂ္ဂလိက သတင်းစာ အစောင် ၄၀ ရှိခဲ့သော်လည်း ၁၉၇၂ ခုနှစ်တွင် အစိုးရသတင်းစာ ၇ စောင်သာ ကျန်ခဲ့သည်ဟု ဖော်ပြခဲ့သည်။

၁၉၈၈ မှာ စစ်တပ်က တတိယအကြော့ အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံရေးနဲ့ ဆက်နွယ်တဲ့ စာရေးဆရာ သတင်းသမားတွေ အများအပြား ဖမ်းဆီးခံရသည်။ ထို့ကြောင့် သတင်းစာဆရာများ ပြည်ပသို့ တိမ်းရှောင်ပြီး သတင်းမီဒီယာများလုပ်ငန်းများ ဆက်လက် လုပ်ကိုင်ခဲ့ကြသည်။ ထိုထဲတွင် တိုင်းရင်းမီဒီယာများလည်းပါသည်။ ဒီလို သတင်းထောက် များကို ရန်သူသဖွယ် ထိန်းချုပ်ဖိနှိပ်မှုတွေ အနှစ် ၅၀ လောက်လုပ်ခဲ့ပေမဲ့ သတင်းမျိုး ဆက်က ပြတ်မသွားဘဲ စစ်အစိုးရ ထိန်းချုပ်မှု နည်းနည်းလျော့ရင် လျော့သလို မီဒီယာတွေ ဘက်က သွေးတိုးစမ်းပြီး ချဲ့ထွင်ခဲ့ကြပါတယ် (ဘိုဘို, ၂၉ မေ ၂၀၂၁) ။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်ဒေသများ

ဖြစ်သည့် မြန်မာ - ဘင်္ဂလားဒေ့ရှ်၊ မြန်မာ - အိန္ဒိယနယ်စပ်၊ အခြေပြုသော မီဒီယာအဖွဲ့အစည်း လေးခုဖြင့် Burma News International - BNI ကို အိန္ဒိယနိုင်ငံ၊ ကလကတ္တားမြို့၌ BNI သည် မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်ဒေသများ ဖြစ်သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-အိန္ဒိယ နယ်စပ်များတွင် အခြေပြုသော မီဒီယာအဖွဲ့အစည်းလေးခုဖြင့် စတင်ဖွဲ့စည်း ထူထောင်ခဲ့သည်။ တည်ထောင်ခဲ့သော အဖွဲ့အစည်းများမှာ Mizzima News, Narinjara News, Kaladan Press Network နှင့် Khonumthung News တို့ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ (BNI) ကို ထိုင်းနိုင်ငံနှင့် ထိုင်း-မြန်မာ နယ်စပ်တွင် အခြေစိုက်သော သတင်းအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအတွင်း၌ အခြေစိုက်သောအဖွဲ့များဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ကြသည်။ လက်ရှိတွင် တိုင်းရင်းသားမီဒီယာ၊ ဒေသခံမီဒီယာ ၁၅ ဖွဲ့ဖြင့် စုစည်းထားသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် အစိုးရ၏ ပြုပြင်ပြောင်းလဲရေးများကြောင့် Mainstream (ပင်မ) သတင်းမီဒီယာများနှင့် တိုင်းရင်းသားမီဒီယာများတွင် ထူးခြားသည့် အပြောင်းအလဲများရှိခဲ့သည်။ မီဒီယာဌာနအသစ်များ အများအပြား ပေါ်ပေါက်ခဲ့သည်။ သမ္မတဟောင်း ဦးသိန်းစိန်က သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ရာ စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး ပြည်ပရောက် မီဒီယာအဖွဲ့အစည်းများကို ပြည်တွင်း၌ ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့သည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် တိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေသည့် စာစောင် ၈၈၅ ခုကျော်ကို ခွင့်ပြုပေးခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မှတ်ပုံတင်ထားသည့် စာစောင် ၃၀၀ ရှိခဲ့ရာမှ တိုးလာခြင်းဖြစ်သည်။ အဆိုပါ ထုတ်ဝေမှုများတွင် ချင်းတိုင်းရင်းသား ဘာသာဖြင့် ထုတ်ဝေသော နေ့စဉ် သတင်းစာ ၃ စောင်၊ တိုင်းရင်းသားဘာသာများဖြင့် ထုတ်ဝေသည့် ဂျာနယ် ၄၀ နှင့် တိုင်းရင်းသား

ဘာသာ မဂ္ဂဇင်း ၇ ခုရှိခဲ့သည်။ (The Irrawaddy, 2016 )။ ယခင်စစ်ကောင်စီများ အုပ်ချုပ်မှု လက်အောက်တွင် သတင်းမီဒီယာများမှ သတင်းထောက်များသည် ပြည်ပသို့ထွက်ခွာပြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် လက်ထက်တွင် ပြန်လည်ဝင်ရောက်ပြီး Mainstream (ပင်မ) မီဒီယာများတွင် လုပ်ကိုင်ကြသည်။

Mainstream (ပင်မ) မီဒီယာများအနေဖြင့် ပြည်နယ်များ၏ အကြောင်းအရာများ ရေးသားမှုများရှိသော်လည်း တိုင်းရင်းမီဒီယာများကဲ့သို့ ဂယနဂ သိရှိနိုင်မည်မဟုတ်ပါ။ တိုင်းရင်းမီဒီယာများ၏ ရေးသားမှုများအား မတူညီသည့် နိုင်ငံရေးရှုထောင့်များမှတဆင့် ဗမာနိုင်ငံရေးကို ပြောဆိုရေးသားနိုင်စွမ်းရှိသည်။ တိုင်းရင်းသားဒေသအတွင်း ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကိုလည်း ဗမာသတင်းထောက်များထက် ပိုမိုနားလည်ပြီး ရေးသားဖော်ထုတ်နိုင်သည်။ ထို့ကြောင့် တိုင်းရင်းမီဒီယာများသည် တိုင်းရင်းသားဒေသများအတွက် မြန်မာမီဒီယာလောကအတွက် များစွာအရေးပါသည်ဟု ဆိုနိုင်သည်။ (Brooten, L. (2016), ) ။

တိုင်းရင်းမီဒီယာများနှင့် Mainstream (ပင်မ) မီဒီယာများ အဓိက ကွာခြားချက်မှာ ပင်မမီဒီယာများသည် တစ်နိုင်ငံလုံးအား လွှမ်းခြုံဖော်ပြရသည့်အတွက် အကန့်အသတ်များပြီး တိုင်းရင်းမီဒီယာများမှာမူ မိမိပြည်နယ်၊ လူမျိုးနှင့်ပတ်သက်၍ ပိုမိုလွတ်လပ်စွာ ဖော်ထုတ်တင်ဆက်နိုင်ကြခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားလူနည်းစုတို့သည့် ၎င်းတို့ ဒေသနှင့်သက်ဆိုင်သော တိကျသောသတင်းများကို ခိုင်မာသောမှတ်တမ်းမှတ်ရာများဖြင့် လွယ်ကူရှင်းလင်းစွာ အဓိပ္ပါယ်ပေါ်လွင်သောပုံစံဖြင့် တင်ပြကာ အမြန်ဆုံးသတင်းထုတ်ပြန်မှုကို လိုလားကြသည်။ ၎င်းတို့သည် တိကျမှု၊ ထိစပ်မှုပွင့်လင်းမြင်သာမှုနှင့် လတ်တလောဖြစ်မှု သတင်းလတ်ဆတ်မှုကို အလေး ထားခြင်းတို့ကြောင့်ဖြစ်သည်။ (IMS, 2020)။

## သုတေသန နည်းလမ်း

ဤစာတမ်းအတွက် မြန်မာနိုင်ငံတွင် ရှိနေသည့် တိုင်းရင်းမီဒီယာများထဲမှ သံလွင်တိုင်းမ် (မွန်သတင်းဌာန) [1]၊ ခေါ်နသုမ်(ချင်း သတင်းဌာန) [2]၊ NMG (Network Media Group)[3]၊ နရဉ္စရာသတင်းဌာန (ရခိုင်သတင်း) [4]၊ ကရင်သတင်းဌာန (KIC) [5]၊ ကန္တရဝတီတိုင်းမ် (ကရင်နီသတင်းဌာန) [6] တို့ကို ရွေးချယ်ပြီး အာဏာသိမ်းခြင်းရဲ့ တိုင်းရင်းသားမီဒီယာ အပေါ် သက်ရောက်မှုများကို လေ့လာခဲ့ပြီး၊ စာတမ်းအတွက် သတင်းများ၊ ပညာရှင်များ၏ သုံးသပ်ချက်စာတမ်းများကို လေ့လာခဲ့မှုများမှတဆင့် တွေ့ရှိခဲ့သည့် အကြောင်းအရာများ ကို ထည့်သွင်းဖော်ပြထားပါသည်။

[1] သံလွင်တိုင်းမ် (မွန်သတင်းဌာန) မွန်တိုင်းရင်းသား သတင်းဌာနတခု ဖြစ်သည့် သံလွင်တိုင်းကို၂၀၁၂ခုနှစ်၊ မေလတွင် စတင် တည်ထောင်ခဲ့သည်။ ထိုအချိန်က မွန်ပြည်နယ်တွင် သတင်းဌာနဟူ၍ အဖွဲ့အစည်းမရှိသေးဘဲ သံလွင်တိုင်းမှာ ပထမဆုံး စတင် တည်ထောင်သည်ဟု သတ်မှတ်နိုင်သည်။

[2] ခေါ်နသုမ် (ချင်းသတင်းဌာန) ခေါ်နသုမ်သတင်းဌာနကို ၂၀၀၂ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့သည်။ ခေါ်နသုမ် သတင်းဌာနအနေဖြင့် ယခုလက်ရှိတွင် ရေဒီယို အစီအစဉ်များကို ချင်းမီးဇိုး၊ ဟားခါး၊ ဖလမ်းဟူ၍ တိုင်းရင်းသားဘာသာစကား သုံးမျိုးဖြင့် ထုတ်လုပ်လျက် ရှိသည်။

[3] NMG (Network Media Group) Network Media Group သည် ၂၀၀၁ ခုနှစ်ခန့်တွင် လူငယ်များ စုပေါင်းကာ ထိုအချိန်က စစ်အစိုးရအား တော်လှန်ရန် စတင်လုပ်ကိုင်ခဲ့သော မီဒီယာလုပ်ငန်း တခု ဖြစ်သည်။ နေ့စဉ် သတင်းများကို မြန်မာဘာသာ ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေလျက် ရှိသည်။ Podcasts၊ ရေဒီယို၊ ရုပ်သံသတင်းများလည်း အပြင်ရုပ်သံသတင်းအပြင် သီးသန့် ပရိုဂရမ်များလည်း ရှိသည်။

[4] နိရဥ္စရာ သတင်းဌာန (ရခိုင်သတင်း) နိရဥ္စရာ သတင်းဌာနအား ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့၌ တည်ထောင်ခဲ့သည်။ စစ်အာဏာသိမ်း၍ ထိုင်းနိုင်ငံသို့ ရောက်လာချိန်တွင် ဂျာနယ်ရပ်နေသော်လည်း သတင်းများအား အင်္ဂလိပ် မြန်မာ၊ ရေဒီယို၊ ရုပ်သံ ဆက်လက် ထုတ်လုပ်လျက် ရှိသည်။

[5] ကရင်ပြည်နယ် သတင်းဌာန (KIC) ကရင်သတင်းဌာန (ကေအိုင်စီ) သည် လွတ်လပ်သော သတင်းဌာနတစ်ခုဖြစ်ပြီး ၁၉၉၇ ခုနှစ်က စတင် ကေအိုင်စီသည် လူ့အခွင့်အရေး၊ တိုင်းရင်းသားများ အခွင့်အရေးနှင့် ဒီမိုကရေစီရေး တို့ကို အခြေခံ၍ မြန်မာနိုင်ငံအတွင်း ကရင်တိုင်းရင်းသားများ နေထိုင်သည့်ဒေသများကို အထူးပြုကာ နေ့စဉ် ဖြစ်ပျက်မှုများကို ပြည်တွင်းနှင့် နိုင်ငံတကာမှ ပိုမို သိရှိနားလည်နိုင်ရန် အချက်အလက် မှန်ကန်သည့် တိုင်းရင်းသား အခြေပြု သတင်းများ ရေးသား တင်ဆက်နေသည်။

[6] ကန္တရဝတီတိုင်း (ကရင်နီသတင်းဌာန) ကန္တရဝတီတိုင်းအား ကရင်နီဒုက္ခသည်စခန်းတွင် မီဒီယာ မရှိ၊ မီဒီယာလုပ်ငန်းလုပ်သူ မရှိဟု ဆိုကာ လူထုသို့ သတင်းပေးမည့်သူ မရှိ၍ စခန်းရှိ လူငယ် ၇ ယောက်ခန့်က လုပ်ကိုင်ခဲ့သော သတင်းဌာန ဖြစ်သည်။ ၂၀၀၄ ခုနှစ်ခန့်တွင် စတင်တည်ထောင်ပြီးနောက် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ နောက်ပိုင်းတွင် ကရင်နီပြည်ထဲ၌ အခြေချပြီး လုပ်ကိုင်ခဲ့သည်မှာ ၂၀၂၀၊ ၂၀၂၁ အထိ ဖြစ်သည်။ လက်ရှိတွင် ထိုင်း-မြန်မာ နယ်စပ်တွင် နေပြီး သတင်းများ ရေးသားတင်ဆက်လျက်ရှိနေသည်။

## တွေ့ရှိချက်များ

- ### စစ်အာဏာသိမ်းကာလအတွင်း တိုင်းရင်းသား မီဒီယာများ၏ အခြေအနေ

၂၀၂၁ခုနှစ် အာဏာသိမ်းပြီးနောက် Myanmar Now၊ 7 Days၊ Mizzima၊ DVB နှင့် ရန်ကုန်ခေတ်သစ် သတင်းဌာနတို့အား စစ်ကောင်စီမှ လိုင်စင်ရုတ်သိမ်းခဲ့ပြီး၊ သတင်းဌာန အချို့နှင့် သတင်းသမားများအား ပုဒ်မ- ၅၀၅-က ဖြင့် ဖမ်းဝရမ်းထုတ်၍ တရားစွဲဆိုမှုများ ပြု လုပ်ခဲ့ပါသည်။ ဆန္ဒပြပွဲများအတွင်း သတင်းရယူစဉ် ဖမ်းဆီးခံရသည့် သတင်းသမားများ လည်း ရှိခဲ့ပါသည် (VOA မြန်မာပိုင်း, မတ်လ ,၂၀၂၁)။ ထို့အပြင်တိုင်းရင်းသားဒေသ အခြေစိုက် သတင်းမီဒီယာအဖွဲ့အစည်းများဖြစ်သည့် မြစ်ကြီးနားသတင်းဂျာနယ်၊ The 74 Media နှင့် တာချီလိတ်သတင်းအေဂျင်စီတို့ကိုလည်း ဦးစွာလုပ်ကိုင်ခွင့် ပိတ်သိမ်းခံရပြီး နောက် ထပ်မံပိတ်သိမ်းခံရသည့် မီဒီယာအများအပြားရှိလာသည်။ (BNI-MPM၊, ၂၀၂၁)။

နယ်စည်းမခြားသတင်းဌာန (Reporter without Border (RSF) ၏ နောက်ဆုံးထုတ် ပြန်ချက်အရ ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံတွင် ဖမ်းဆီးခံထားရသည့် သတင်းထောက်ပေါင်း ၁၁၀ ဦးရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၃၂ ဦးရှိခဲ့သည်။ ထို့အပြင် စစ်ကောင်စီက မီဒီယာသမား များအား ဖမ်းဆီးခြင်း၊ သတင်းမရယူနိုင်စေရန်ပိတ်ပင်ခြင်းစသည့် လူ့အခွင့်အရေးချိုး ဖောက်မှုများစွာကြောင့် RSF ၂၀၂၁ ထုတ်ပြန်ချက်အရ လက်ရှိ မြန်မာသတင်းမီဒီယာ လွတ်လပ်ခွင့်မှာ ကမ္ဘာ့အဆင့်သတ် မှတ်ချက် အောက်ဆုံးအဆင့် ၁၈၀ တွင် ၁၇၆ ဆင့်ထိ ရောက်ရှိခဲ့သည်။

ထိုကဲ့သို့ မီဒီယာသမားများအား ဖမ်းဆီးခြင်း၊ သတင်းမရယူနိုင်စေရန်ပိတ်ပင်ခြင်းစသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာ ကြုံတွေ့ရသည့်အခါ Mainstream မီဒီယာများ၊ တိုင်းရင်းသားမီဒီယာများသည် လွတ်မြောက်နယ်မြေဟုခေါ်သည့် ရှိရင်းစွဲ လက်နက်ဆွဲကိုင်တော်လှန်နေသည့် တိုင်းရင်းသားဒေသများသို့ ထွက်ပြေးတိမ်းရှောင်၍ သတင်းများကို ဆက်လက်တင်ပြခဲ့ကြရပါသည်။ သတင်းဌာနများသည် ထိုလွတ်မြောက်နယ်မြေမှ တဆင့် သတင်းများ အချိန်နှင့်တပြေးညီ ထုတ်လုပ်နိုင်ရန် အခက်အခဲများကြားမှ ရေးသားတင်ဆက်ခဲ့ကြပါသည်။

ထို့နောက် နယ်စပ်ဒေသများမှတဆင့် တဖက်အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းပြီး မြန်မာနိုင်ငံ၏ လက်ရှိအရေးအခင်း၊ နေ့စဉ်ဖြစ်ပျက်နေသည့် သတင်းများအား ဆက်လက် ရေးသားတင်ဆက်လျက်ရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားမီဒီယာများသည်ဝန်ထမ်းအင်အားလျော့နည်းမှု၊ နည်းပညာ ပစ္စည်းရှားပါးမှု၊ ရွှေ့ပြောင်းရသည့် အခက်အခဲများ၊ စရိတ်များ၊ သတင်းသမားများ၏ လုံခြုံရေးဆိုင်ရာ အခက်အခဲများ၊ နေထိုင်ရပ်တည်ရန် ဝင်ငွေအကြပ်အတည်းများအား ခါးစည်းခံ၍ တိုင်းရင်းသားဒေသများ၏ သတင်းအမှန်များ တင်ဆက်နိုင်ရေးကိုသာ အဓိကထား ကြိုးပမ်းလျက်ရှိနေပါသည်။

> စစ်ကောင်စီ၏
> ဖိနှိပ်မှုများနှင့် အသက်အန္တရာယ်
> ခြိမ်းခြောက်မှုများကြားမှပင် စွန့်စား၍
> သတင်းများအား ဖော်ထုတ်ရေးသား
> တင်ဆက်ပေးနေကြပါသည်။

ထို့အပြင် ပြည်တွင်း၌ လက်ရှိအချိန်ထိ ပုန်းကွယ်တိမ်းရှောင်၍ လုပ်ကိုင်နေသည့် အလွတ်တန်း သတင်းသမားများ၊ CJ (Citizen Journalist) ခေါ် ပြည်သူ့သတင်းသမားများသည် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၏ နေ့စဉ်ဖြစ်ပျက်နေသည့် သတင်းအကြောင်းအရာများ၊ စစ်ရေးပဋိပက္ခများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုများအား စစ်ကောင်စီ၏ ဖိနှိပ်မှုများနှင့် အသက်အန္တရာယ် ခြိမ်းခြောက်မှုများကြားမှပင် စွန့်စား၍ သတင်းများအား ဖော်ထုတ်ပေးပို့ ရေးသားတင်ဆက်ပေးနေကြပါသည်။

ထိုသို့သောအခြေအနေတွင် ယခင်ကပင် လူနည်းစုဖြစ်ပြီး နှစ်ပေါင်းများစွာတိုင် စစ်အာဏာရှင်အဆက်ဆက်၏ ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုများ ကြုံခဲ့ရသည့် တိုင်းရင်းသားဒေသ

များရှိ တိုင်းရင်းသား မီဒီယာများသည် ၎င်းတို့၏သတင်းဌာနများ ရပ်တည်ရေး၊ သတင်းတင်ဆက်ရာတွင် သတင်းရယူမှု အခက်အခဲ၊ သတင်းသမားများ၏လုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာများ စသည့် အခက်အခဲအကျပ်တည်းများစွာ ကြုံတွေ့လာရပါသည်။ ထို့အပြင် တိုင်းရင်းမီဒီယာအများစုအနေဖြင့် သတင်းတိကျမှုရှိစေရန် သတင်းအရင်းအမြစ်များကို ဖြစ်စဉ်အား ကိုယ်တိုင်သိရှိသူ အနည်းဆုံး ၂ ဦး၊ ၃ ဦး ရှိရမည်ဟု သတ်မှတ်ထားသည်ကို တွေ့ရသည်။ အာဏာမသိမ်းမီအချိန် သတင်းရင်းမြစ်အနေဖြင့် အနည်းဆုံး ၂ ဦးအပြင် နစ်နာသူဖက်မှ အသံမှတ်တမ်းပါရမည်ဟု တိုင်းရင်း မီဒီယာအများစုက သတ်မှတ်ထားခဲ့သော်လည်း ယခုတော်လှန်ရေးကာလတွင် ထိုသတ်မှတ်ချက်အတိုင်း မဆောင်ရွက်နိုင်တော့ကြောင်း သုတေသနစာတမ်းအတွက် ဖြေဆိုပေးကြသည့် တိုင်းရင်းသားမီဒီယာများက ပြောသည် ။

ဆက်လက်ပြီး တစ်ခါတစ်ရံ သတင်းမှာမှန်သော်လည်း သတင်းရင်းမြစ်အနေဖြင့် တစ်ယောက်တည်းသာ အတည်ပြုနိုင်သည်ဟု ၎င်းတို့က ဆိုသည်။ သို့သော်လည်း တော်လှန်ရေးကာလအတွင်းဖြစ်ပြီး အတည်ပြုရန် ခက်ခဲသည့်အခြေအနေတွင် အားရကျေနပ်မှု မရှိသော်လည်း ထုတ်လွှင့်လိုက်ရသည့်သတင်းများလည်း ရှိသည်။ သို့သော်လည်း တိုင်းရင်းသားမီဒီယာများမှာ တိုင်းရင်းသားဒေသများတွင် နေထိုင်တည်ရှိနေပြီး သတင်းများ ရယူရသော်လည်း Mainstream မီဒီယာများမှာ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများမှ သတင်းများ ရယူနေရခြင်းဖြစ်၍ တိုင်းရင်းသားမီဒီယာများမှ တင်ပြမှုများသည် ပိုမိုတိကျနိုင်လုံသည့် အချက်သည် အဓိကကွာခြားချက်ဖြစ်နေသည်ကိုတွေ့ရှိရသည် ။

တိုင်းရင်းသားမီဒီယာများဖြစ်သည့်အားလျော်စွာ ဒေသတွင်း ဖြစ်ပေါ်နေသည့် သတင်းများကို အမြဲအပြတ် သိရှိနိုင်ပါသည်။ ဥပမာ စစ်ကောင်စီမှ ဒေသတွင်း၌ မြေသိမ်း၍ စီမံကိန်းများဆောင်ရွက်မည့် အကြောင်းအရာကဲ့သို့သော အရေးကြီးသတင်းမျိုးကို Mainstream သည် တိုင်းရင်းသားမီဒီယာများထံမှ ဓာတ်ပုံနှင့်သတင်းရင်းမြစ်များ တောင်း၍ လိုက်ရေးသည့်အခါများရှိကြောင်း တိုင်းရင်းမီဒီယာများက ပြောသည် ။

## • စစ်အာဏာသိမ်းကာလ တိုင်းရင်းသားမီဒီယာများ ဖိနှိပ်ခံရမှု

အာဏာသိမ်းစစ်အစိုးရ အဆက်ဆက် စစ်မှန်သော မီဒီယာအဖွဲ့အစည်းများ ၊ အထူးသဖြင့် တိုင်းရင်းမီဒီယာများမှာ ရှင်သန်ရန် မလွယ်ကူခဲ့သည့် အခြေအနေတွင်ရှိခဲ့သည်။ ယခင် အရပ်သားအစိုးရလက်ထက်တွင် တိုင်းရင်းသား မီဒီယာများအား ဦးစားမပေးခဲ့သော်လည်း အထူးဖိနှိပ်မှုမလုပ်ခဲ့ကြောင်း တိုင်းရင်းသားမီဒီယာများကပြောသည်။ ယခုအကြိမ် အာဏာသိမ်းရာတွင် ယခင်စစ်ခေါင်းဆောင်များ လက်ထက်ကကဲ့သို့ တဖန် ဖိနှိပ်မှုများ ပြန်လည်ပြုလုပ်လာသည်ကို တွေ့ရှိရသည်။ တိုင်းရင်းသားမီဒီယာများသည် ပြည်သူလူထုနှင့် ပိုမိုနီးစပ်၍ စစ်ကောင်စီ၏ မတရားနိပ်စက်မှုများအားဖော်ပြပြီး လူထုအားချပြနိုင်သောကြောင့် ဖြစ်သည်ဟုဆိုကြသည်။ တိုင်းရင်းသားမီဒီယာများအား စစ်အာဏာရှင်မှ မလိုလားမှုများလည်း ဖြစ်ပေါ်လာစေပါသည်။

၂၀၂၁ အာဏာသိမ်းပြီးနောက် သတင်းဌာနများသည် စစ်ကောင်စီ၏ အနီးကပ်စောင့်ကြည့်ခြင်းခံခဲ့ရပြီး လူ့အခွင့်အရေးချိုးဖောက်သည့် သတင်းများမရေးရန်တားဆီးခြင်း၊ အရေးယူ အမှုဖွင့်အရေးယူခြင်း၊ ရုံးခန်းများ ပိတ်သိမ်းခံရခြင်း၊ အင်တာနက်ဖြတ်တောက်ခြင်း အလွယ်တကူ အင်တာနက်သုံးမရအောင် ပြုလုပ်ခြင်းတို့ကြောင့် သတင်းထုတ်လုပ်မှု အခြေအနေများ ခက်ခဲကြပ်တည်းလာခဲ့သည်ကို တွေ့ရသည်။

စစ်ကောင်စီမှ သတင်းဌာနများကို စစ်ကောင်စီနှင့်ပတ်သက်ပြီး လူ့အခွင့်အရေး ချိုးဖောက်သည့် မကောင်းသည့်သတင်းများ မရေးရန်တားဆီးခဲ့ပြီး တာဆီး၍မရသည့် သတင်းဌာနများအား အမှုဖွင့်အရေးယူခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုကြောင့် တိုင်းရင်းသတင်းဌာနများစွာ ရုံးခန်းပိတ်သိမ်းရခြင်း၊ ငွေကြေးဆုံးရှုံးများ ကြုံတွေ့ရပြီး သတင်းအဖွဲ့

ဝင်များသည်လည်း ပုန်းကွယ်ရှောင်တိမ်းခြင်းများ ပြုလုပ်ခဲ့ကြရသည်။

အာဏာသိမ်းပြီးနောက် ရခိုင်ပြည်နယ်တွင် စစ်ပွဲများ သိပ်မရှိခဲ့သည်ကို တွေ့ခဲ့ရပါသည်။ သို့သော် AA နှင့် အာဏာသိမ်းစစ်တပ်တို့ တင်းမာလာပြီး ပြဿနာများ ရှိလာချိန်တွင် သတင်းရေးသားသည့် ဌာနများကို တရားစွဲဆိုမှုများ ရှိလာခဲ့သည်ဟု နိရဉ္စရာမှ အယ်ဒီတာချုပ် ဦးခိုင်မြတ်ကျော်က  ပြောသည်။

*"အဲ့အချိန်က စစ်တပ်မှ မူဆလင်ရွာသားများကို ဖမ်းဆီးနှိပ်စက်၍ ငွေညှစ်သတင်းနှင့် အမ်းစစ်ဆေးရေးဂိတ်တွင် စစ်သားများ ပိုက်ဆံကောက်ခြင်းနှင့် လူများကို စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုသတင်းများ ဖော်ပြမှုကြောင့် ရဲများမှ စစ်တွေ၊ မကျည်း မြို့ရှိ နိရဉ္စရာရုံး အဟောင်းကို လာရောက်စီးနင်းတယ်။ ပြီးတော့ ရုံးခန်းအသစ်ကိုလည်းရှာမည်ဟု သတင်းရ၍ ယာယီပိတ်လိုက်ရတယ်။ အဲ့နောက်မှာ သတင်းအဖွဲ့ဝင်များ အခြားနေရာများသို့ ပြောင်းရွှေ့ခြေရာဖျောက်ခဲ့ရကြောင်း"* ဟု ဦးခိုင်မြတ်ကျော်က ပြောသည်။

**တိုင်းရင်းသားဒေသမှာဆိုလျှင် သတင်းသမားတွေ သွားလာနိုင်တာမျိုး မရှိခြင်း၊ သတင်းသမားအချို့ ဖမ်းဆီးခံရခြင်း၊ ဝရမ်းထုတ်ခံရခြင်းများကြောင့် သတင်းအချက်အလက် အမှန်ရယူရရန် ခက်ခဲလာသည်မှာ တနှစ်ကျော်ခန့် ရှိပြီဖြစ်ပါသည်**

ထို့အပြင်  မွန်သတင်းဌာနတခုဖြစ်သည့်  သံလွင်တိုင်းမ်သတင်းဌာနက အာဏာသိမ်းသည့် ဖေဖော်ဝါရီလနှင့် မတ်လလယ်အထိသာ သတင်းများ ကောင်းမွန်စွာထုတ်လုပ်နိုင်ခဲ့ပြီး မတ်လ ပထမအပတ်မှစတင်ကာ သတင်းထုတ်လုပ်မှုအခြေအနေများ ခက်ခဲကြပ်တည်းလာခဲ့သည်။ ဒေသအတွင်း၌ မွန်သတင်းမီဒီယာများအနက် ပြည်သူလူထု၏ နှစ်နာမှုများကို အဓိကဖော်ပြသော သံလွင်တိုင်းမ်အား စစ်ကောင်စီက ပစ်မှတ်ထားလာခဲ့သည်။

*"မတ်လ အစပိုင်းမှာပဲ အားလုံးသိတဲ့ ရုံးခန်းကိုပိတ်ပြီး အခြားနေရာတခုမှာ ရွှေ့ပြောင်းပြီး အလုပ်လုပ်ကိုင်ခဲ့ရတယ်။ ဧပြီလမှာတော့ စစ်ကောင်စီက ကျနော်တို့ သတင်းသမားတွေရဲ့ နေအိမ်တွေ လိုက်ရှာဖွေတယ်။ ဖမ်းဆီးတာတွေ လုပ်ဖို့ ကြိုးပမ်းပေမယ့် အဲဒီအချိန်မှာ ဖမ်းဆီးခံရတာမရှိခဲ့ဘူး။ ကျနော်တို့ အကုန်လွတ်မြောက်နယ်မြေကို ရွှေ့သွားတယ်။ အချို့ အယ်ဒီတာတွေနဲ့ သတင်းထောက်တွေကို အန္တရာယ်ကင်းဖို့ အလုပ်ကနေ ထုတ်ပယ်ကြောင်း တရားဝင် စာထုတ်ခဲ့တယ်"* ဟု သံလွင်တိုင်းမ်သတင်းဌာန၏ အယ်ဒီတာ ကိုသံလွင်အေးက ပြောသည်။

ထိုအချိန်မှစ၍ သံလွင်တိုင်းမ်အနေဖြင့် ယနေ့အထိ ပုံမှန်ရုံးဖွင့်၍ လည်ပတ်နိုင်ခြင်း မရှိတော့ဘဲ တိုင်းရင်းသား လွတ်မြောက်နယ်မြေတွင်  အခြားသတင်းဌာနများကဲ့သို့ အလုပ်များ ပုံမှန်လည်ပတ်နိုင်မည်ဟု မျှော်လင့်ခဲ့သော်လည်း ရောက်သွားချိန်တွင် အင်တာ

နက်လိုင်း မရှိသောကြောင့် အင်တာနက်ဝိုင်ဖိုင်အား Router များဖြင့် တစ်ဆင့်ခံ၍ အချိန်ပိုင်းသာ အသုံးပြု သတင်းထုတ်လွှင့်ခဲ့သည့် အခက်အခဲရှိခဲ့သည်။ ယင်းနောက် ဇူလိုင်လတွင် စစ်ကောင်စီမှ သံလွင်တိုင်းမ်၏ တာဝန်ခံများကို ၎င်းတို့ထံသို့ လွှဲပေးရန် ခိုလှုံနေသည့် နယ်မြေခံအဖွဲ့ထံ တောင်းဆိုရာ မိမိနည်းလမ်းဖြင့် အခြား EAO နယ်မြေသို့ ထွက်လာခဲ့ပြီး အဆင်မပြေမှုများ ကြုံတွေ့ရသည်။ စက်တင်ဘာလတွင် ထိုင်းနယ်စပ်သို့ သတင်းထောက်နှင့် အယ်ဒီတာအချို့ ထွက်ပြေးခဲ့ရပြီး အချို့မှာ ပြည်တွင်း၌ နေထိုင်၍ သတင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

အလားတူ အခြားတိုင်းရင်းဒေသရှိ တိုင်းရင်းမီဒီယာများဖြစ်သည့် ချင်းသတင်းဌာနတခုဖြစ်သည့် ခိုနူမ်းသုန်မီဒီယာဂရု၊ KIC (ကရင်သတင်းဌာန)၊ ကန္တာရဝတီတိုင်းမ်၊ သတင်းနှင့်မီဒီယာကွန်ယက်(Network Media Group)တို့အား စစ်ကောင်စီ၏ စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်းတို့ ကြုံခဲ့ရပြီး အချိန်မရွေး ဖမ်းဆီးခံရနိုင်သဖြင့် သတင်းထောက်များနှင့် အယ်ဒီတာများက မိမိတို့နေထိုင်ရာ နေရာများမှ ရွှေ့ပြောင်းကာ အလုပ်လုပ်ကိုင်ခဲ့ကြသည်။

- ## တိုင်းရင်းသားမီဒီယာများ၏ အခက်အခဲကြားမှ သတင်းထုတ်လုပ်ရေး ကြိုးပမ်းမှုများ

သတင်းဌာနအများစုသည် ကနဦးတွင် တိုင်းရင်းသားလက်နက်ကိုင်များ နယ်မြေများတွင် သတင်းများထုတ်လွှင့်ရန် ကြိုးစားခဲ့သော်လည်း နေရာနှင့် လျှပ်စစ်မီး၊ ကွန်ပျူတာ၊ မီးနှင့် အင်တာနက်လိုင်း ပုံမှန်မရသောကြောင့် ထိုင်းနယ်စပ်သို့ရွှေ့ ပြောင်းခဲ့ရသည်။ ထို့ကြောင့် နယ်စပ်ဒေသများတွင် အများအပြားအကုန်ကျခံပြီး ရုံးခန်းအသစ်များပြန်လည် ဖွင့်လှစ်ကာ ပြည်တွင်းနှင့် ပြည်ပပူးပေါင်းပြီး သတင်းများဆက်လက်ထုတ်လုပ်လျက်ရှိသည်။ အာဏာသိမ်းစစ်တပ်မှာ ပြည်သူများကို အကာအကွယ်ယူ၍ မြို့ထဲမှာပင် တပ်စွဲ အခြေချနေထိုင်သောကြောင့် တိုင်းရင်းသားသတင်းဌာနမှ သတင်းထောက်များ တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများရှိ ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့်အတူ နေထိုင်ပြီး အတူနေအတူစားကာ ရှေ့တန်းသတင်းရယူခဲ့ကြသည်။

အင်တာနက်လိုင်းမမိသည့် ဒေသများတွင် သတင်းအချို့အား နယ်စပ်သို့ ပြန်သွားကာ နိုင်ငံခြား ဆင်းမ်ကတ်ဖြင့် သတင်းများပေးပို့ရခြင်းများ ရှိသည်။ အာဏာသိမ်းပြီးနောက် သတင်းထောက်များ သတင်းရေးသားရာတွင် သတင်းထောက်နာမည်များ မသုံးတော့ဘဲ ကုတ်နံပါတ်များသာ သုံးခဲ့သည်။ အင်တာဗျူးလုပ်ရာတွင် အခြားဆင်းမ်ကတ် ပြောင်းသုံးရသည်။ မလိုအပ်ဘဲ အခမ်းအနားတက် သတင်းယူခြင်းများ ရှောင်ရှားခဲ့ရသည်။ စစ်အာဏာသိမ်းပြီးကတည်းက သတင်းယူ၍ မရတော့ဘဲ ဌာနဆိုင်ရာ၊ ရဲများအား အင်တာဗျူးမလုပ်ရန် ပြောဆိုစီမံထားရသည်။ အချို့အင်တာဗျူးသူများမှာလည်း လွတ်မြောက်နယ်မြေများမှ တဆင့်သာ ဆက်သွယ်နိုင်သည်များရှိသည်။

အချို့သောတိုင်းရင်းသားနေရာများတွင် အစောပိုင်းကာလများ၌ အင်တာနက်လိုင်းမကောင်းခြင်း၊ အင်တာနက်မရှိခြင်းတို့ကြောင့် သတင်းနှင့်ပတ်သက်သည့် ဓာတ်ပုံ၊ အသံဖိုင် အစရှိသည်တို့ ပေးပို့ရာတွင် အခက်အခဲဖြစ်ခဲ့ခြင်းများ ရှိခဲ့သော်လည်း ယခုအခါတွင် ပေးပို့နိုင်ခြင်း လုံးဝမရှိတော့ပေ။ ဖုန်းလိုင်းရသည့် အချိန်များတွင်သာ ဆက်သွယ်မေးမြန်းနိုင်သည့် အခြေအနေသို့ ရောက်ရှိနေသည်။ ***"အင်တာနက်မရှိတဲ့ တောတောင်တွေကြားမှာ နေရတာဖြစ်လို့ Memory Stick နဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုဖိုင်တွေ အပေးအယူ လုပ်ပြီး သတင်းယူခဲ့ရတယ်,"*** ဟု ခိုနူမ်းသုန် သတင်းဌာနမှ အယ်ဒီတာက ပြောသည်။

အာဏာသိမ်းမှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် နေ့စဉ်၊ လစဉ် စီမံခန့်ခွဲမှုအပိုင်းတွင် သတင်းဌာနဝန်ထမ်းများ စိန်ခေါ်မှုများ ရှိခဲ့သည်။ စိန်ခေါ်မှုဆိုရာတွင် ဝန်ထမ်းများ၌ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများ ကြုံတွေ့လာရသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံတွင် ခိုလှုံရသောကြောင့် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် ပတ်သတ်ပြီး တိုင်းရင်သားမီဒီယာများမှ အချို့သော မီဒီယာများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လွတ်လပ်သော သတင်းအဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး ယခုအချိန်ထိ သတင်းထုတ်လုပ်မှုတွင် တိုင်းရင်းသားလက်နက်ကိုင်များ၏ ကန့်သတ်ချုပ်ချယ်ခြင်း မကြုံရကြောင်း ပြောသည်။

အချို့ CJ (Citizen Journalist) များနှင့် သတင်းထောက်များမှာ စစ်ဘေးရှောင်စခန်းများတွင် နေကြရသည်။ စစ်ရှောင်များ၏ လိုအပ်ချက်များကို ပုံမှန်တင်ဆက်နိုင်ရန် တိုင်းရင်းသတင်းဌာနအချို့မှ ကြိုးစားလျက်ရှိသည်။ ထို့အပြင် နယ်စပ်များတွင်လည်း တရားဝင်သတင်းဌာနအဖြစ် တရားဂင် ရပ်တည်ရခြင်းမဟုတ်သည့်အတွက် ဖမ်းဆီးခံရမှုမှ ရှောင်ရသဖြင့် သတင်းမလုပ်နိုင်သည့် နေ့ရက်များရှိခဲ့သလို ပုန်းရှောင်ပြီး သတင်းထုတ်လုပ်ခဲ့ရ

သော နေ့ရက်များလည်း ရှိခဲ့သည်။

သတင်းထောက်များကိုယ်တိုင် စစ်ဘေးရှောင်ရခြင်း၊ သတင်းအရင်းအမြစ်မြေပြင်၌ မနေနိုင်တော့ခြင်းကြောင့် သတင်းအချက်အလက် အမှန်ရရှိမှုမှာ ပိုဆိုးရွားလာပါသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသမှာဆိုလျှင် သတင်းသမားတွေ သွားလာနိုင်တာမျိုးမရှိတာရယ်၊ အချို့သတင်းသမားများ ဖမ်းဆီးခံရခြင်း၊ ဝရမ်းထုတ်ခံရခြင်းများကြောင့် သတင်းအချက်အလက် အမှန်ရယူရန် ခက်ခဲလာသည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီ ဖြစ်ပါသည်။

ထို့ကြောင့် အာဏာသိမ်းမှုနောက်ပိုင်းတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ သတင်းရေးခဲ့ရသည်။ ယင်းမှာ ပြည်တွင်း၌ အခြေစိုက်သည့် တိုင်းရင်းမီဒီယာများ၏ အခြေအနေဖြစ်ပြီး ပြည်ပသို့ထွက်ခွာရသည့် တိုင်းရင်းမီဒီယာများမှာလည်း မြေပြင်သတင်းရယူရန် အခက်အခဲရှိ၍ သတင်းအချက်အလက်မှန်ကန်မှုတွင် များစွာ ထိခိုက်လာပြီး သတင်းနှင့်ပတ်သက်၍ ဆက်သွယ်ရေး မကောင်းမှု၊ လုံခြုံရေးအခြေအနေများကြောင့် ဘက်လိုက်သည့် သတင်းတည်ဆောက်မှု ပိုမိုကြီးထွားလာပါသည်။ သတင်းအချက်အလက်ရယူရန် သတင်းဌာနများအနေဖြင့် သတင်းထောက် မစေလွှတ်နိုင်ခြင်း၊ လုံခြုံရေးအရ သတင်းထောက်များကိုယ်တိုင် သတင်းဖြစ်စဉ် မြေပြင်တွင် မရှိနေမှုများကြောင့် ဒေသခံမိတ်ဆွေများအား သတင်းအချက်အလက်တောင်းယူခြင်း၊မေးမြန်းခြင်းများ ပြုလုပ်ရသည်။

ယခင် စည်းလုံးသည့် မျိုးနွယ်များသည် သတင်းအချက်အလက် အမှားများကြောင့် ယခုအခါ သွေးကွဲစေသည့် ထုတ်ပြန်ချက်များ အချင်းချင်းကြား ထုတ်ပြန်လာသည်များ တွေ့လာရပါသည်

## ၂၀၂၁ခုနှစ် နောက်ပိုင်း တိုင်းရင်းသား မီဒီယာနှင့် Mainstream (ပင်မ) မီဒီယာအကြား ကွာခြားချက်

အာဏာသိမ်းကာလအတွင်း စစ်ကောင်စီသည် တိုင်းရင်းသားမီဒီယာများသာမက တိုင်းနှင့် ပြည်နယ်ရှိ မီဒီယာအားလုံးကို ထိန်းချုပ်ခြင်း ပြန်လည်ဦးမော့လာခြင်း မရှိသည် အထိ ဖိနှိပ်ရန် ကြိုးပမ်းခြင်းများ လုပ်ဆောင်ခဲ့သည်။ ထိုအထဲတွင် ပြည်နယ်အခြေစိုက် မီဒီယာများသည် အခြေအနေ ပို၍ ဆိုးခဲ့သည်။ ကချင်ဒေသတွင် ပြည်နယ်အခြေစိုက် သတင်းဌာနများ ရှိခဲ့သည်။ သို့သော် သတင်းဌာနတစ်ခုမှ မရှိစေရန်နှင့် လုံးဝနေ၍ မရ အောင် စစ်ကောင်စီက လုပ်ဆောင်ခဲ့သည်။ ကချင်ပြည်နယ်တစ်ခုတည်းတင်သာမက ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်နယ်အသီးသီးကို ဖိနှိပ်လိုက်ခြင်း ဖြစ်သည်ကို တွေ့ရှိရသည်။

ထို့အပြင် တိုင်းရင်းသားမီဒီယာများက Mainstream (ပင်မ) မီဒီယာတို့ကို သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ပြီး လူမျိုးဘာသာမရွေး အတူတကွ လက်တွဲတော်လှန် တိုက်ခိုက်နေရသည်။ လက်ရှိတော်လှန်ရေးတွင် ဗမာလူမျိုးများနှင့် တိုင်းရင်းသား လူမျိုးများကြား ချိတ်ဆက်လုပ်ဆောင်မှုတွင် ပိုမိုအဆင်ပြေစေရန် ဆောင်ရွက်ပေးနိုင်စွမ်းအား တွေ့ရှိရသည်။

အလားတူ တိုင်းရင်းသားများအသံကို တိုင်းရင်းမီဒီယာများထဲမှ တိုက်ရိုက်ပိုကြားနိုင်သည်။ မြန်မာပြည်၌ ဗမာလူမျိုးများသည်မှာ မှန်သော်လည်း မတူညီသည့် တိုင်းရင်းသားများစွာလည်း ရှိနေသည်ဖြစ်၍ ၎င်းတို့ထံမှ အသံကိုကြားနိုင်ရန် သတင်းများ၊ ရေဒီယို ပရိုဂရမ်မှစ၍ တင်ဆက်ပေးရမည်မှာ အရေးပါလှသည်ဟု Network Media Group မှ

**ဗမာလူမျိုး များသည်မှာ မှန်သော်လည်း မတူညီသည့် တိုင်းရင်းသားများစွာလည်း ရှိနေသည်ဖြစ်၍ ၎င်းတို့ထံမှ အသံကိုကြားနိုင်ရန် သတင်းများ၊ ရေဒီယို ပရိုဂရမ်မှစ၍ တင်ဆက်ပေး ရမည်မှာ အရေးပါလှသည်**

သတင်းထောက် မအားမီက ယုံကြည်သည်။ ထိုသို့မဟုတ်ပါက လူနည်းစုဖြစ်သော တိုင်းရင်းသားများ၏ အသံကို မကြားနိုင်ဘဲ ၎င်းတို့၏ လိုအပ်ချက်ကို လူထုက သိရှိနိုင်မည် မဟုတ်ဟု ဆိုသည်။ သို့သော်လည်း လက်ရှိတွင် မြန်မာဘာသာစကားဖြင့် တင်ဆက် ရေးသားနေကြသည့် မီဒီယာများကို အဖွဲ့အစည်းများက ပို၍ ထောက်ပံ့မှုပေးကြသည်ကို တွေ့မြင်ရသည်ဟု သူက ဖြည့်စွက်ပြောပါသည်။

*"အခက်အခဲက နဂိုကတည်းက တိုင်းရင်းသားမီဒီယာရဲ့ အခန်းကဏ္ဍက သေးငယ်ပြီး ပြည်မမီဒီယာတွေနဲ့ တိုင်းရင်းမီဒီယာတွေကြား ဖက်ဒရယ်ကဏ္ဍ ပါဝင်ချိတ်ဆက်နိုင်တယ် လို့ စဉ်းစားမိတယ်။ ပြည်မကို အားပေးသလို တိုင်းရင်းသား သတင်းဌာနတွေကိုလည်း အခွင့်အရေးပေး၊ ထောက်ပံ့မှု ပေးစေချင်တယ်"* ဟု မအားမီက ပြောသည်။

ထို့အပြင် တိုင်းရင်းသားဒေသများတွင် သတင်းဌာန အရေအတွက် နည်းပါးခြင်းက လည်း လူနည်းစု တိုင်းရင်းသားများအတွက် သတင်းစီးဆင်းမှု၊ သတင်း သိရှိမှုအပိုင်း အား နည်းလှသည်ဟု ဆိုရမည်။ သို့သော် ချင်းလူမျိုး၌ ကွဲပြားသည့် ဘာသာစကား အလွန် များ သည်ဖြစ်၍ ၎င်းတို့ဒေသအလိုက် သတင်းထုတ်လုပ်သည့် သတင်းဌာနအများအပြား ထွက်ပေါ်လာသည်။

## • လက်ရှိ တိုင်းရင်းသားမီဒီယာများ၏ သတင်းထောက်များ အပေါ် ပံ့ပိုးပေးနိုင်စွမ်းနှင့် ရေရှည်ရပ်တည်ရေး စိန်ခေါ်မှု

ယခုအချိန်တွင် တိုင်းရင်းမီဒီယာများက သတင်းထောက်များအား အခြေခံလစာနှင့် ကွန်ပျူတာ ထောက်ပံ့ပေးနိုင်ခြင်းသာရှိသည်။ အချိန်ပြည့်လုပ်သူအား လုပ်ခလစာပေးပြီး အလွတ်တန်းလုပ်ကိုင်သူများအား အပုဒ်အရေအတွက်ဖြင့်သာ ထောက်ပံ့ပေးနိုင်သည်။ Mainstream မီဒီယာများကဲ့သို့ တိုင်းရင်းမီဒီယာများက လစာ အများအပြား မပေးနိုင်ပေ။ သတင်းအပုဒ် ရေ အရေအတွက်ဖြင့်ပေးရာတွင် တိုက်တစ်ခုနှင့်တစ်ခုမတူကြဘဲ တစ်ပုဒ်ကို ငွေကျပ် ၅၀၀၀၊ အနည်းငယ်ရှည်သည့် သတင်းဖြစ်ပါက ငွေကျပ် ၇၀၀၀ စသည်ဖြင့်ပေးကြပြီး ပိုမို တတ်နိုင်သည့် သတင်းဌာနများက သတင်းရှည်ပြီး ပြည့်စုံသည့် သတင်းများကို ငွေကျပ် ၁ သောင်းခန့် ပေးနိုင်ကြသည်။

တိုင်းရင်းသားမီဒီယာ၏ ကဏ္ဍအားလုံးတွင် မီဒီယာဆိုသည့် ခေါင်းစဉ်အောက်၌ တည်ရှိနေသူအားလုံးကို အစိုးရအဆက်ဆက် ဖိနှိပ်ခဲ့ကြသည်။ သို့သော် တိုင်းရင်းသား မီဒီယာများမှာ ပို၍ခံခဲ့ရသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဟုဆိုသော်လည်း တိုင်းရင်းသား ပြည်နယ်များမှာ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီးများဖြင့် နှိုင်းယှဉ်ကြည့်ပါက အဘက် ဘက်က နောက်ကျကျန်နေသောကြောင့် ထောက်ပံ့ပေးရန် လိုအပ်သည်။ အာဏာသိမ်း ပြီးနောက်ပိုင်း ပြည်တွင်း၌ ဆက်လက်လုပ်ကိုင်နေသော သတင်းထောက်များသည် သူခိုး ကဲ့သို့ ခိုးဝှက်ကာ ပုန်းလျှိုးကွယ်လျှိုး သတင်းရယူ အလုပ်လုပ်ကိုင်ရသည်။ သတင်း ထောက်တစ်ဦး၏အလုပ်မှာ သူများပစ္စည်းကိုမှ ခိုးစားယူရမည် မဟုတ်သည့်တိုင် မတရား မှုများကို ခိုးဝှက်ဖော်ထုတ်ရေးသားနေကြရသည်။ မြန်မာပြည်၏ မီဒီယာသမားများသည် အ

ခြားသော နိုင်ငံများမှ သတင်းသမားများနှင့်နှိုင်းယှဉ်လျှင် မလောက်ငသော လစာ ပမာဏ နှုန်းထားများဖြင့် အလုပ်လုပ်ကိုင် နေကြရသည်။

ထိုအရာများသည် မီဒီယာများ ယူလာသည့် NGO များ၏ အသုံးစရိတ် ပြန်ဖြစ်သွားပြီး တကယ်တမ်း မီဒီယာများဖွံ့ဖြိုးတိုးတက်လာခြင်းမရှိပါ။ တိုင်းရင်းမီဒီယာများသည် နိုင်ငံတကာ ထောက်ပံ့သည့် အဖွဲ့အစည်းများထံမှ Funding (ရန်ပုံငွေ) များ ရရှိသော်လည်း အောက်ခြေထိ မရောက်လာဘဲ တကယ်လုပ်နေသည့် အဖွဲ့အစည်းများကို ကြည့်ရန် လိုအပ်သည်ဟု နိရဉ္စရာ (ရခိုင်သတင်း) မှ အယ်ဒီတာချုပ် ဦးနိုင်မြတ်ကျော်က ပြောသည်။

ဦးနိုင်မြတ်ကျော်က "ကျွန်နော်တို့သည်လည်း တကယ်လုပ်တဲ့အဖွဲ့ဖြစ်ပေမယ့်လည်း ရခိုင်ဖြစ်နေလို့ မပေးဘူး။ ရခိုင်မှာ မူဆလင် ရိုဟင်ဂျာတွေနဲ့ မတည့်လို့ ရခိုင်မီဒီယာ တော်တော်များများ အကူအညီ မရပါဘူး။ အခု မူဆလင်အကြောင်း အများကြီး ရေးပါတယ်။ နိုင်ငံတကာ NGO တွေက သူတို့ ပေါ်လစီနဲ့ သူတို့သွားတာဖြစ်လို့ တိုင်းရင်းသားတွေမှာ ပိုက်ဆံမရှိဖြစ်ရင် ဘယ်သူမှ အိတ်စိုက်မလုပ်နိုင်ဘူး။ ကျွန်နော် အခုလိုလုပ်တဲ့အခါ လစာရတဲ့အခါရှိ၊ မရတဲ့အခါ လည်းရှိတယ်။ သို့သော်လည်း မပြိုလဲချင်လို့ ဆက်သွားနေခြင်း ဖြစ်တယ်" ဟု ပြောသည်။

နိုင်ငံတကာ NGO တွေက သူတို့ ပေါ်လစီနဲ့ သူတို့ သွားတာဖြစ်လို့ တိုင်းရင်းသားတွေမှာ ပိုက်ဆံမရှိဖြစ်ရင် ဘယ်သူမှ အိတ်စိုက် မလုပ်နိုင်ဘူး။ ကျွန်တော် အခုလိုလုပ်တဲ့အခါ လစာရတဲ့အခါရှိ၊ မရတဲ့အခါလည်း ရှိတယ်။

လက်ရှိတွင်လည်း စစ်ကောင်စီက ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အခြေစိုက် နိရဉ္စရာသ တင်းဌာန အယ်ဒီတာချုပ် ဦးနိုင်မြတ်ကျော်ကို ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ)၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) တို့ဖြင့် စစ်တွေမြို့ အမှတ် (၁) ရဲစခန်းတွင် အောက်တိုဘာ ၅ ရက်က အမှုဖွင့်ခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်က "မြောက်ဦးမြို့တွင် မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သူများ ရှိခဲ့သည်" ဆိုသည့် သတင်းကို ရေးသား ဖော်ပြရာ၌ စစ်ကောင်စီတပ် ထောင်ထားသည့်မိုင်းဖြစ်ကြောင်း ထည့်သွင်းရေးသားခဲ့သည့်အတွက် ၎င်းကို အမှုဖွင့်ခြင်းဖြစ်သည်ဟု သိရသည်။ (BBC, ၂၀၂၂) ။

ထို့အပြင် စစ်ကောင်စီက ရခိုင်ပြည်နယ် အခြေစိုက်သတင်းဌာနအများစုမှ အယ်ဒီတာနှင့် သတင်းထောက်များကို အမှုဖွင့်တရားစွဲ ဆိုထားခြင်းများလည်း ရှိနေပြီး Development Media Group နှင့် Western News သတင်းဌာနများမှ အယ်ဒီတာချုပ်များ အပါအဝင် တာဝန်ခံ အယ်ဒီတာနှင့် သတင်းထောက် ၁ ဦးတို့ကို တရားစွဲဆိုထားသည် (RFA, ၂၀၂၂)။

## • သတင်းထောက်များ ကြုံတွေ့ရသည့် တစ်ကိုယ်ရေ လုံခြုံရေးအခက်အခဲ

မကြာခဏ နေရာများ ပြောင်းရွှေ့ရသကဲ့သို့ ဖုန်းဆင်းမ်ကတ်လည်း မကြာခဏ ပြောင်းသုံးရခြင်း၊ မြေပြင်တွင် သတင်းရယူရန် ခက်ခဲနေဆဲဖြစ်ပြီး လုံခြုံရေးအတွက် အမြဲ သတိပေးနေရသည်ဟု ဆိုသည်။ ပြည်တွင်းတွင် ဧည့်စာရင်း ဝင်စစ်ခြင်းများ ရှိနေရာ သတင်းအချက်အလက်များ ချက်ချင်းလွှဲပြောင်းပေး၍ ဖုန်းနှင့် ကွန်ပျူတာများအတွင်း သိမ်းဆည်းမထားရန် အမြဲသတိပေးနေရသည်။

သံလွင်တိုင်းမ်တွင် အမျိုးသမီး သတင်းထောက်အဖြစ် လုပ်ကိုင်နေသည့် မမော်က ၎င်းရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲကို ယခုကဲ့သို့ ပြောပြသည်။

"ရန်ကုန်မှာ ကျမ အမျိုးသမီးအဆောင်မှာနေတဲ့အတောအတွင်း စစ်တပ်ကို အဆောင်နေတဲ့လူစာရင်း ပေးရတဲ့အခါ နာမည်လွှဲပြီး စာရင်းပေးရတယ်။ အဆောင်မှာလည်း ပြင်ပက လူတွေနဲ့ စကားသိပ်မပြောဖြစ်ဘဲ အလုပ်အကိုင်ကို မေးတဲ့အခါ ကုမ္ပဏီဝန်ထမ်းလို့ လွှဲဖြေရတယ်။ စစ်တပ်က အဆောင်ကို ဧည့်စာရင်းစစ်မယ်လို့ သိရတဲ့အချိန်မှာ သံလွင်တိုင်းမ်ရဲ့ လူကြီးတွေကို ကျမမိသွားရင် အဆင်မပြေကြောင်း၊ လုံခြုံရေး အခြေအနေ စိုးရိမ်ရကြောင်း ပြောပြခဲ့လို့ မေလလောက်မှာ မဲဆောက်ကိုရောက်လာခဲ့တယ်" ဟု ၎င်းက ပြောသည်။

၎င်းအနေဖြင့် ပြည်တွင်းတွင် အလုပ်လုပ်ကိုင်ခဲ့စဉ်က ကင်မရာကိုင်၍ သတင်းများ ရိုက်ကူးပေးပို့နိုင်သည့် အခြေအနေမရှိခဲ့သော်လည်း ဖုန်းဖြင့်ရိုက်ယူကာ သတင်းပေးပို့ခဲ့ကြောင်း၊ မဲဆောက်ဘက်သို့ မိမိအစီအစဉ်ဖြင့် ကြိုးပမ်းလာရောက်ခဲ့ပြီး မိမိ ပိုင်ဆိုင်သည့်

လက်ပ်တော့ပ် ကွန်ပျူတာကိုရောင်းချကာ ပွဲစားကို ထိုင်းဘတ် ၄၀၀၀ ပေးပြီး ရန်ကုန်မှ မြဝတီသို့ ကားဖြင့် ၅၀၅-က အမှုဖွင့်ခံထားရသူ နှစ်ဦးနှင့်အတူ လာရောက်ခဲ့သည်ဟု ဆိုသည်။

ထို့အပြင် ဝါရင့် ချင်းသတင်းအယ်ဒီတာတစ်ဦးဖြစ်သည့် ပူးသွီဒင်း (Pu Tuidim) သည် ဇန်နဝါရီလ ၆ ရက်နှင့် ၇ ရက်နေ့များက ၎င်းအပါအဝင် မတူပီ - ဟားခါး ကားလမ်းပေါ်တွင် ခရီးသွားနေသည့် အရပ်သားပြည်သူ ၁၁ ဦးနှင့်အတူ စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းခံရကာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့က ရှေ့တန်း စစ်မြေပြင်တွင် လူသားဒိုင်းအဖြစ် ခေါ်ဆောင်ခံရပြီး သတ်ဖြတ်ခံခဲ့ရသည်။ သတ်ဖြတ်ခံရသော ချင်းသတင်း အယ်ဒီတာ ပူးသွီဒင်း (Pu Tuidim) သည် နိုင်ငံတကာ မြန်မာ့သတင်း (BNI) ကို စတင်တည်ထောင်စဉ်က ခိုနူမ်သုန်ကိုယ်စား ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး၊ ခိုနူမ်သုန် သတင်းဌာန တည်ထောင်သူထဲတွင် ပါဝင်သကဲ့သို့ အယ်ဒီတာချုပ်အဖြစ်လည်း နှစ်ပေါင်းများစွာ တာဝန်ဆောင်ခဲ့သည့်အပြင် ချင်းပြည်နယ်ရှိ သတင်းမီဒီယာများအတွက် ရှေ့ဆောင်လမ်းပြခဲ့သည့် ဝါရင့်တိုင်းရင်းသား သတင်းသမားတဦးလည်း ဖြစ်သည်။ အလားတူ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ နိုင်ငံတကာ လူ့အခွင့်အရေးနေ့က ရန်ကုန်မြို့ရှိ အသံတိတ် သပိတ်လှုပ်ရှားမှုကို ဓာတ်ပုံမှတ်တမ်းရယူခဲ့သည့် အလွတ်တန်းသတင်းထောက် ကိုစိုးနိုင်ကို စစ်ကောင်စီက ဖမ်းဆီးပြီး သုံးရက်အကြာတွင် စစ်ကြောရေး၌ သေဆုံးသွားခဲ့ခြင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက် လေးကေကော် ဒေသတွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့က စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် ဖက်ဒရယ်ဂျာနယ် အယ်ဒီတာ အေစိုင်းကေ (ခ) စိုင်းဝင်းအောင် သေဆုံးသွားခဲ့သည့် ဖြစ်ရပ်များလည်း ရှိခဲ့သည်။ (BNI, 2022)

> သံလွင်တိုင်းမ်ရဲ့ လူကြီးတွေကို
> ကျမ မိသွားရင် အဆင်မပြေကြောင်း၊
> လုံခြုံရေး အခြေအနေ စိုးရိမ်ရကြောင်း
> ပြောပြခဲ့လို့ ပေလလောက်မှာ မဲဆောက်ကို
> ရောက်လာခဲ့တယ်

- ## တိုင်းရင်းမီဒီယာများ၏ အနာဂတ် အခြေအနေ

စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသားမီဒီယာများ၏ ရပ်တည်မှုအနေဖြင့် ပိုမိုခက်ခဲလာမည်ဟု ယူဆရပြီး ချင်းပြည်နယ်ရှိ မီဒီယာ ၁၆ ဖွဲ့ အနက် သတင်းဌာနအများစုသည် အာဏာသိမ်းပြီးနောက်ပိုင်း မလည်ပတ်နိုင်ကြတော့ပါ။ ယခင်က စာစောင်များ နေ့စဉ်ထုတ်ဝေခဲ့ကြသည်များရှိသကဲ့သို့ တစ်ပတ်တွင် ငါးကြိမ် (သို့မဟုတ်) သုံးကြိမ်ထုတ်ဝေသည့် သတင်းဌာနများမှာ ဆက်လက် ရေးသားထုတ်ဝေပါက တရားစွဲဆိုခံရမည့် အန္တရာယ်၊ ငွေကြေးအခက်အခဲ စသည့်အကြောင်းများကြောင့် ရပ်တန့်သွားရသည်။ ချင်းသတင်းဌာန အများစုမှာ ကိုယ်ပိုင်ငွေ စိုက်ထုတ်၍ လည်ပတ်ကြပြီး အနည်းအကျဉ်းသာ အလှူရှင်များ၏ အထောက်အပံ့ဖြင့် လည်ပတ်ကြသည်။ ယခုအခါ ချင်းသတင်းဌာန ၁၀ ဖွဲ့ခန့်မှာ ရပ်တန့်သွားရပြီ ဖြစ်သည်။ အချို့တစ်ဝက်လောက်သာ အွန်လိုင်းတွင် ရပ်တည်နေကြသော်လည်း ဘဏ္ဍာရေးအကြပ်အတည်းများစွာ ကြုံတွေ့နေကြရသည်။ အလားတူဖြစ်ရပ်များကို အခြားဒေသရှိ တိုင်းရင်းမီဒီယာများလည်း ကြုံတွေ့နေရဆဲဖြစ်သည်။

သတင်းဌာနတစ်ခု ရေရှည်ရပ်တည်နိုင်ရန် သတင်းထောက်များအား ထောက်ပံ့ပေးရန် လိုအပ်ပြီး ထို့သို့ထောက်ပံ့ရန် ငွေကြေး မရှိအချိန်တွင် ရပ်တန့်လိုက်ရသည်။ အာဏာသိမ်းပြီးနောက်ပိုင်း သတင်းဌာနများ ပြန့်ကျဲကာ စုစည်းမှု မရှိချိန်တွင် သတင်းများအားရောက်သည့်နေရာမှ အလျဉ်းသင့်သလိုတင်ပြနေရပြီး ယခင် သတင်းတိုက်တစ်ခုကဲ့သို့ မလည်ပတ်နိုင်သည့် အခြေအနေမှာရှိခဲ့သည်။ ယခုအတိုင်း ဆက်၍ ဖြစ်ရှိနေပါက တိုင်းရင်းသားမီဒီယာများအနေဖြင့် ပိုမိုခက်ခဲလာနိုင်သည်။ တိုင်းရင်းသားမီဒီယာများ ဆက်လက်ရပ်တည်နိုင်ရန် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့ (အန်ဂျီအို) များ၏ အကူအညီမပါဘဲ

တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရန် မလွယ်ကူနိုင်သည့်အခြေအနေဖြစ်နေသည်။ တိုင်းရင်းသားမီဒီယာများ၌ မီဒီယာဈေးကွက်မရှိ၍ ကြော်ငြာလည်း မရဘဲ ဖြစ်နေသည်။ ထို့ကြောင့် တိုင်းရင်းသားမီဒီယာများသည် နိုင်ငံတကာ အကူအညီ လိုအပ်သည်။ ဒီမိုကရေစီ ခိုင်ခိုင်မာမာရမှသာ တိုင်းရင်းမီဒီယာများ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် သတင်းရောင်းခြင်း၊ နည်းမျိုးစုံဖြင့် ကြော်ငြာရှာခြင်းတို့ ပြုလုပ်လာနိုင်မည်။ ယခုအခြေအနေတွင် တိုင်းပြည် ချွတ်ခြုံကျနေ၍ ကြော်ငြာရှင်မှ ကြော်ငြာထည့်၍ မရသကဲ့သို့ သတင်းများလည်း ရောင်းစားမရပါ။ ထို့ကြောင့် ယခုအခြေအနေသည် အခက်အခဲဆုံး ဖြစ်သည်။

သို့သော် အာဏာသိမ်းစစ်ကောင်စီမှ မီဒီယာများကို နည်းလမ်းမျိုးစုံနှင့် ဖိနှိပ်၊ နှိမ်နင်းရုံဖြင့် မီဒီယာများ ပျောက်ကွယ်သွားမည်မဟုတ်ဘဲ အကြပ်အတည်းကြားက အခွင့်အလမ်းကို ထိုးဖောက်ရှာဖွေကာ ဆက်လက် ရှင်သန်နေမည်ဖြစ်သည်။ မီဒီယာမှ လူထုအား သတင်းအချက်အလက်ပေးရန်လိုပြီး လူထုမှလည်း သတင်းအချက်အလက်သိရန် လိုအပ်သည်။ မီဒီယာဆိုသည်မှာ လူသားများတည်ရှိသည့် ကာလပတ်လုံး ရှိနေဦးမည်ဖြစ်ပါသည်။ တိုင်းရင်းသားမီဒီယာများသည်လည်း ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ရသည့်နည်းလမ်းဖြင့် ရပ်တည်ရှန်းကန်နေကြမည်ဟု တိုင်းရင်းမီဒီယာမှ တာဝန်ရှိသူများမှ အခိုင်အမာပြောဆိုသည်။

> အာဏာသိမ်းစစ်ကောင်စီမှ
> မီဒီယာများကို နည်းလမ်းမျိုးစုံနှင့် ဖိနှိပ်၊
> နှိမ်နင်းရုံဖြင့် မီဒီယာများ ပျောက်ကွယ်သွားမည်
> မဟုတ်ဘဲအကြပ်အတည်းကြားက ဆက်လက်
> ရှင်သန်နေမည်ဖြစ်သည်။

## • သုံးသပ်ချက်

မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက် စစ်ကောင်စီသည် သတင်းမီဒီယာများ အပေါ် အကြမ်းဖက်ဖိနှိပ်မှုများ ပြုလုပ်လျက်ရှိရာ ယနေ့အချိန်ထိ သတင်းထောက်ဦးရေ ၁၄၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။ ထိုအထဲတွင် ၃၂ ထက်မနည်း အကျဉ်းထောင်များအတွင်း ချုပ်နှောင်ခံနေရဆဲ ဖြစ်ကာ ၄ ဦးမှာ သတ်ဖြတ်ခံခဲ့ရကြောင်း နယ်စည်းမခြား သတင်း ထောက်များ ( RSF ) မှ ထုတ်ပြန်ထားသည်။ အာဏာသိမ်းခြင်း၏ တိုင်းရင်းသားမီဒီယာ အပေါ် သက်ရောက်မှုက တိုင်းရင်းမီဒီယာများအတွက် ဆက်လက်ရပ်တည်ရန် ခက်ခဲသွား ပြီး ရေရှည်ရပ်တည်ရန် မလွယ်ကူသည့် အခြေအနေဖြစ်ပါသည်။ မြန်မာပြည်၏ မီဒီယာ သမားများသည် အခြားသောနိုင်ငံများမှ သတင်းသမားများနှင့်နှိုင်းယှဉ်လျှင် ရပ်တည်ရေး မှာ စိန်ခေါ်မှုကြီးမားစွာဖြင့် မီဒီယာအလုပ်ကို အားထုတ်လုပ်ကိုင်နေကြရသည်။

ထိုအရာများသည် မီဒီယာဖွံ့ဖြိုးရေးအတွက် သယ်ဆောင်လာသည့် NGO များ၏ အသုံး စရိတ် ပြန်ဖြစ်သွားကာ တကယ်တမ်း မီဒီယာများ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ အားနည်းချက်များ ရှိခဲ့သည်။ သတင်းဌာနများတွင် အခြေခံလစာကိုပင် ပြည့်မီအောင် မပေးနိုင်သည့်အတွက် သတင်းသမားများ စားဝတ်နေရေး အခက်အခဲများကြောင့် အလုပ်ထွက်ကြရပြီး အခြား လုပ်ငန်းနယ်ပယ်များသို့ ပြောင်းရွှေ့လုပ်ကိုင်သူများရှိသည်။ ထို့အပြင် အာဏာသိမ်းပြီး နောက် သတင်းဌာနများ ပိတ်သိမ်းရသည်အထိ ဖြစ်ခဲ့ရ၍ တိုင်းရင်းသားမီဒီယာများ၏ ရပ်တည်မှုအခက်အခဲသည် ဆိုးရွားလှသည်။ အာဏာသိမ်းပြီးနောက် တိုင်းရင်းမီဒီယာများ လိုအပ်နေမှုများစွာရှိနေပြီး အာဏာမသိမ်းမီ NLD အစိုးရလက်ထက်တွင်ဖြစ်စေ တိုင်းရင်း သားဘာသာစကားဖြင့် မီဒီယာတစ်ခု တည်ထောင်သည်နှင့် တိုင်းရင်းသားများကို အခွင့်

အရေးပေးလိုက်ပြီဟု အစိုးရနှင့် လူအများစုကထင်နေကြသည်။ ထိုအရာများသည် အစိုးရ တိုင်း၏ တာဝန် ဖြစ်သော်လည်း ၎င်းတို့မလုပ်ဆောင်ခဲ့ကြဘဲ အပေါ်ယံသာ နားလည် လက်ခံထားနေကြသည်။

ထို့ကြောင့် တိုင်းရင်းမီဒီယာသည် ပင်မ မီဒီယာများထက် ငွေရေးကြေးရေးနှင့် လူ အင်အား ပိုနည်းပါးသည့် တိုင်းရင်းသားမီဒီယာများမှ တိုင်းရင်းသားသတင်းထောက်များ ပျောက်ကွယ်သွားနိုင်သည့် အလားအလာမှာ ပင်မမီဒီယာများထက်ပိုများသည်။ တိုင်းရင်း သား မီဒီယာများ ပျောက်ကွယ်သွားပါက တိုင်းရင်းသားများ လူ့အခွင့်အရေး ချိုးဖောက်ခံရ မှုများ၊ ဖိနှိပ်ခံရမှုများ၊ ဘာသာစကားနှင့် ရိုးရာယဉ်ကျေးမှုများသည်လည်း တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည်။ ထို့ကြောင့် မီဒီယာများ မပျောက်ကွယ်သွားရန်၊ သတင်းထောက်များ မပျောက်ကွယ်သွားရန် ပြည်သူများနှင့် နိုင်ငံတကာ အဖွဲ့အ စည်းများသာမက အမျိုးသားညီညွတ်ရေးအစိုးရ NUG မှလည်း အတူတကွ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးရန် လိုအပ်သည်။

> မီဒီယာအား ခေတ်အဆက်ဆက်အစိုးရက ရန်သူကဲ့သို့ သဘောထားသည်ဆိုသည်မှာ မီဒီယာ၏ ထိရောက်မှုကြောင့် ဖြစ်သည်။

အလားတူ မြန်မာပြည်၌ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင် မည်ဆိုပါက မီဒီယာလည်း လွတ်လပ်ခွင့်ရှိရန် အရေးကြီးသည်။ မီဒီယာ များ၏ ရေးသားချက်များနှင့် ဆက်လက်သယ်ဆောင်သွား၍ ရပါသည်။ တိုင်းရင်းသားမီဒီယာများရှိနေ၍သာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်ပြည်နယ်များရှိ လတ်တလောဖြစ်ရပ်များကို လူတိုင်း သိခွင့်ရ နေသည်မှာ ကောင်းသည့် လက္ခဏာဖြစ်သည်။ လူမျိုးတစ်ခုနှင့်တစ်ခုကြား သိခွင့်ရ၊ နားလည်မှုရခြင်းမှာလည်း ကောင်းသည့် လက္ခဏာပင် ဖြစ်သည်။ တိုင်းရင်းသားမီဒီယာသည် မြန်မာ ပြည်၏ ယခုကဲ့သို့ အခြေအနေမျိုးတွင် ပို၍လိုအပ် သည်။ ပို၍ တက်ကြွစွာ ပါဝင်လှုပ်ရှားရန် လိုအပ်သည်။ မီဒီယာအား ခေတ်အဆက်ဆက် အစိုးရက ရန်သူကဲ့သို့ သဘောထားသည်ဆိုသည်မှာ မီဒီယာ၏ ထိရောက်မှုကြောင့်ဖြစ် သည်။

အရပ်သားအစိုးရ NLD အုပ်ချုပ်စဉ် နှင့် စစ်တပ်အုပ်ချုပ်သည့် ကာလများတွင် စစ် တပ်မှ မီဒီယာများအား နှိမ်နင်းသည်ဆိုသော်လည်း NLD အစိုးရကာလမှာ ပို၍ လွတ်လပ် ပြီး ယခုအခါ ပိုဆိုးသွားသည်။ လက်ရှိတွင် မီဒီယာသမားများအား ဖမ်းဆီးထောင်ချခြင်း များ၊ မီဒီယာအား ရန်သူဟု သဘောထားနေ၍ ပြည်တွင်းတွင် ရပ်တည်၍မရ ဖြစ်သွားသည်။ စစ်ကောင်စီက မြန်မာနိုင်ငံရှိ Mainstream မီဒီယာများ အပါအဝင် တိုင်းရင်းသားမီဒီယာ

များကို မည်သို့ပင် ဖိနှိပ်၊ ဖမ်းဆီးအကြမ်းဖက်မှုများ ရှိစေကာမူ၊ သတင်းအမှန် တင်ဆက်နေကြသည့် မီဒီယာများက နိုင်ငံရေး ၊ ငွေရေးကြေးရေး အကြပ်အတည်းများ သတင်းရယူမှု အခက်အခဲများကြားမှ ရောက်ရှိနေသည့်နေရာများမှ သတင်းထုတ်လုပ်သည့် အလုပ်ကို ဆက်လက်လုပ်ကိုင်နေကြဆဲဖြစ်သည်ကို မြင်တွေ့ရသည်။ ထို့အတွက်ကြောင့် တိုင်းရင်းသားမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း မှေးမှိန်ပျောက်ကွယ်သွားမည် မဟုတ်ဘဲ အနာဂတ် ဒီမိုကရေစီနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုပေါ် ပေါက်လာရေးတွင် တစ်ထောင့်တစ်နေရာမှ တတ် စွမ်းသရွေ့ ပါဝင်သွားမည်ဟု တိုင်းရင်းသားမီဒီယာသမားများက ယုံကြည်ထားကြသည်။ ။

- အကိုးအကား


- ကိုထွေး, 19 ၊ June 2017 ၊ ဧရာဝတီသတင်းဌာန,
  မြန်မာပြည်က တိုင်းရင်းမီဒီယာများ
  (https://burma.irrawaddy.com/article/2017/06/19/136955.html).

- The Irrawaddy, 4 May 2016 ,the Irrawaddy News, BURMA's MEDIA LANDSCAPE THROUGH THE YEARS, (https://www.irrawaddy.com/news/burma/burmas-media-landscape-through-the-years.html)

- ဘိုဘို ၂၉ ဧပြီ ၂၀၂၁ ဘီဘီစီမြန်မာပိုင်း ဗိုလ်ချုပ်ကြီးနေဝင်းနဲ့
  အပေါင်းအပါသတင်းစာဆရာများ
  https://www.bbc.com/burmese/in-depth-56880670

- IMS, (2020) တိုင်းရင်းသားမီဒီယာများကို လေ့လာခြင်း

- Brooten, L. (2016), Burmese Media in Translation, International Journal of Communication

- VOA မြန်မာပိုင်း , မတ်လ ,၂၀၂၁ ,
  (Ref: https://burmese.voanews.com/a/media-banned-myanmar-military/5806067.html)

- BNI-MPM၊ (အမှတ်စဉ် ၅၊ မေလ၁-၇) ၂၀၂၁ အာဏာရှင်ဆန့်ကျင့်ရေး ကာလအတွင်းက မြန်မာ့သတင်းမီဒီယာများ အပတ်စဉ် သုံးသပ်ချက်

- Reporter without border 2021  https://rsf.org/en/barometer

- BBC ၊ ၈ အောက်တိုဘာ ၂၀၂၂ ၊
  (https://www.bbc.com/burmese/articles/c4n2r0xj04yo)

- RFA၊ လွတ်လပ်တဲ့ အာရှအသံ ၊ 2022.08.30, လွတ်လပ်တဲ့ အာရှအသံ
  (https://www.rfa.org/burmese/news/dmg-reporters-08302022043236.html)

- BNI ဇန်နဝါရီလ ၁၃ ရက်၊ ၂၀၂၂ခုနှစ်။နိုင်ငံတကာ မြန်မာ့သတင်းတည်ထောင်သူ တစ်ဦးဖြစ်သည့် ဝါရင်ချင်းသတင်းအယ်ဒီတာပူးသွီဒင်း
  (Pu Tuidim) သေဆုံးမှုအတွက်ထုတ်ပြန်ချက်




တိုင်းရင်းသားမီဒီယာသည်
မြန်မာပြည်၏ ယခုကဲ့သို့
အခြေအနေမျိုးတွင် ပို၍လိုအပ်သည်။
ပို၍ တက်ကြွစွာ ပါဝင်လှုပ်ရှားရန်
လိုအပ်သည်။
မီဒီယာအား ခေတ်အဆက်ဆက်အစိုးရက
ရန်သူကဲ့သို့ သဘောထားသည်ဆိုသည်မှာ
မီဒီယာ၏ ထိရောက်မှုကြောင့်ဖြစ်သည်။